# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 15, 2025 Volume 95, Number 9


၁၅. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၂.၀၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၀.၃၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၀.၆၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၇၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၁ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တရုတ်တင်ပို့မည့်ပဲများ ပိုးသတ်ဆေးဓာတ်ကြွင်းမကျန်ရန် အသိပေး



တရုတ်ကိုတင်ပို့မဲ့ ပဲမျိုးစုံမှာ ပိုးသတ်ဆေးဓာတ်ကြွင်းကျန် ရှိရင် တင်ပို့ခွင့်ရရှိတော့မှာမဟုတ်လို့ အထူးဂရုပြုအလေးထားဆောင်ရွက်ကြဖို့ လိုအပ်တယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံပြောင်းနဲ့နှမ်းကုန်သည်များအသင်းရဲ့အကြံပေးပုဂ္ဂိုလ် ဦးစိုးဝင်းမောင်က ပြောပါတယ်။

အခုနှစ်အတွင်း တရုတ်နိုင်ငံဆိပ်ကမ်းကို ပဲတီစိမ်းပို့တဲ့အခါ ပဲတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏ ကျန်ရှိမှုတွေ များပြားနေတာကြောင့် ကုမ္ပဏီ ၂၂ ခုက တင်ပို့တဲ့ ပဲတီစိမ်းတန်ချိန် ၁သောင်းကျော်နဲ့ ပဲယင်းတန်ချိန် ၁၀၀ ကျော် မြန်မာနိုင်ငံကို ပြန်ပို့ခဲ့တဲ့ ဖြစ်စဉ်ရှိခဲ့ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံကိုတင်ပိုမဲ့ ပဲမျိုးစုံ အထူးသဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်သူတောင်သူတွေအနေနဲ့ လာမဲ့စိုက်ပျိုးရာသီမှာ ပိုးသတ်ဆေးဓာတ်ကြွင်းမကျန်ရှိစေရန် ဆောင်ရွက်ကြဖို့နဲ့ ပိုးသတ်ဆေးဓာတ်ကြွင်းကျန်ရှိရင်တင်သွင်းခွင့်ရမှာမဟုတ်တာကြောင့် အထူးဂရုပြု အလေးထားဆောင်ရွက်ကြဖို့ အခုလိုအသိပေး ပြောကြားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ ပဲတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းကျန်မှု ပမာဏများ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို ရှာဖွေဖို့လိုအပ်သလို ပါဝင်ပတ်သက်နေတဲ့ တောင်သူတွေ ၊ ကုန်သည်ပွဲစား ၊ သိုလှောင်သူတွေကလည်း ပိုးသတ်ဆေးဓာတ်ကြွင်း အန္တရာယ်ကို သိရှိအောင် ပညာပေးဖို့ လိုအပ်တယ်လို့ ၎င်းကပြောပါတယ်။

တစ်ဆက်တည်းမှာပဲ ပိုးသတ်ဆေးဓာတ်ကြွင်းတွေ့ခဲ့တယ်ဆိုရင် ဘာကြောင့်ဖြစ်တယ်ဆိုတဲ့ နောက်ကြောင်း ပြန်ခြေရာခံလိုက်နိုင်တဲ့စနစ်တွေ ထူထောင်ဖို့ လိုအပ်ပြီး ဒီလိုဆောင်ရွက်မှာသာ နိုင်ငံတကာကိုတင်ပို့နေတဲ့ မြန်မာ့ပဲဈေးကွက်ကို ရေရှည်ထိန်းသိမ်းကာ တောင်သူတွေဝင်ငွေတိုးပွားအောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ပဲတီစိမ်းကို ပင်လယ်ရေကြောင်းကနေ ပြည်ပနိုင်ငံတွေကို တင်ပို့လျက်ရှိရာ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တင်ပို့မှုအားလုံးရဲ့ ၆၈ ရာခိုင်နှုန်း ကျော်ကို တရုတ်နိုင်ငံကိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## စက်သုံးဆီ၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေသော်လည်း ကုန်းတွင်းနှင့်ကမ်းလွန်လုပ်ကွက်များ ရှာဖွေခြင်းအပြင် လယ်ယာထွက်ကုန်မှပါ ဇီဝလောင်စာဆီများထုတ်ရန် စီမံနေဟုဆို




နိုင်ငံအတွင်းရှိ စက်သုံးဆီလိုအပ်ချက်၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရသော်လည်း တင်သွင်းမှုကို အစားထိုး လျှော့ချနိုင်ရန်အတွက် ကုန်းတွင်းနှင့်ကမ်းလွန်လုပ်ကွက်များ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက် ရှာဖွေထုတ်လုပ်ခြင်း၊ လက်ရှိရေနံချက် စက်ရုံများကို အဆင့်မြင့် မွမ်းမံပြင်ဆင်ခြင်း၊ ရေနံချက် စက်ရုံအသစ်များထပ်မံတည်ဆောက်ခြင်းတို့ကိုဆောင်ရွက်လျက် ရှိတယ်လို့ စွမ်းအင်ဝန်ကြီးဌာနမှ သိရပါတယ်။

ထို့ပြင် လယ်ယာထွက် သီးနှံများဖြစ်သည့် ပြောင်း၊ ကြံ၊ ဆန်ကွဲ စသည့်ကုန်ကြမ်းများမှ တန်ဖိုးမြှင့် ထုတ်ကုန်ဖြစ်သော ရေမဲ့အီသနောနှင့် ပြည်တွင်းထုတ်ဓာတ်ဆီတို့ကို သတ်မှတ်အချိုးအစားအတိုင်းရောစပ်ကာ ဇီဝလောင်စာဆီအဖြစ် ပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

နေ့စဉ်သုံးစွဲရန် လိုအပ်သည့်စက်သုံးဆီကို သင့်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ်အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ချိတ်ဆက်ထားသော အဓိကလမ်းပိုင်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အဓိကမြို့ကြီးများမှ စက်သုံးဆီအရောင်းဆိုင်များကို စက်သုံးဆီများ ကြိုတင်ဖြည့်တင်းထားသည့်အပြင် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ထပ်မံဖြည့်တင်းပေးနိုင်ရန် ဆီတင်ယာဉ်ကြီးများကို စက်သုံးဆီအပြည့် ဖြည့်တင်းပြီး ဒေသအလိုက်စီမံထားရှိသလို ပြည်သူများ လိုအပ်သည့် စက်သုံးဆီသုံးစွဲမှုကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်း၊ စက်သုံးဆီ အမျိုးအစားအလိုက် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အခြင်အတွယ် ပြည့်မီမှန်ကန်စေရေးတို့ကို စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိတယ်လို့လည်း သိရပါတယ်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိသည့်အတွက် အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက် ရှိသော်လည်း မြန်မာကျပ်ငွေခိုင်မာပြီး နိုင်ငံခြားငွေလဲလှယ်မှုနှုန်း ကျဆင်းသဖြင့် ပြည်တွင်း စက်သုံးဆီ ဈေးနှုန်း များလည်းကျဆင်းကာ အများပြည်သူနှင့် လုပ်ငန်းရှင်များအနေဖြင့် သင့်တင့်သော ဈေးနှုန်းဖြင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် အဆင်ပြေချောမွေ့ လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင် လျက်ရှိ တယ် လို့လည်း ဝန်ကြီးဌာနမှ ဆိုထားပါတယ်။

ပြည်သူများ စက်သုံးဆီဝယ်ယူရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် Google Play Store ၌ MPTA FM Application ကို လက်ကိုင်ဖုန်းများတွင် Download ပြုလုပ်ပြီး မိမိရောက်ရှိနေသည့်နေရာ၏ အနီးပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင်များ၏ ဖွင့်လှစ်မှု အခြေအနေ၊ ယင်းဆိုင်များရှိ စက်သုံးဆီအမျိုးအစားနှင့် ရောင်းဈေးနှုန်းတို့ကို ကြည့်ရှု၍ နှစ်သက်ရာအရောင်းဆိုင်တွင် ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရပါတယ်။

**Source : Myanmar future News Agency**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၈-၁၀-၂၀၂၅ မှ ၁၀-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၈၂၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၁၀၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၆၂၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၈၂,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၈၂,၀၀၀၊ ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၅၇၀၀၀ အသီးသီးဈေး ကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၁၀ လုံး (တန်ချိန် ၂၆၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀)ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) လျော့နည်း ဝင်ရောက်ခဲ့ ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၀,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ် ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၉၀၀ (၁၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၆၀၀ (၁၂,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၀၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၇၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၂၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာ နှင့် သကြားများဈေးငြိမ် လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၈-၁၀-၂၀၂၅ မှ ၁၀-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၈၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၀ ၊ ဆိပ်ဖြူ လတ်ချော ကျပ် ၆၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၉၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၅၅၀ ၊ မုံရွာလတ်သန့် ကျပ် ၁၁၀၀ နှင့် မုံရွာလတ်ချော

ကျပ် ၇၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀၊ မုံရွာ လတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၅၇ စီး (၃၄၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၆၃ စီး(၃၇,၈၀၀ ပိဿာ) လျော့နည်းဝင်ရောက် ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၅၀၀ (၁၀၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန် ဖြူအိတ်ရေ ၂၀၀၀ (၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၅၀၀ (၄၅,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၆၇၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာယခင်အပတ်ကကားစီးရေ ၂၀ စီး (၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင်လည်းကားစီးရေ ၂၀ စီး ( ၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖူးစားပြောင်းအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ဖူးစားပြောင်းအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံက သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာ ကာလအတွင်း ဖူးစားပြောင်း အဖူးရေ ၉၅,၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပြီးခဲ့တဲ့စက်တင်ဘာလ တစ်လတာကာလအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်း အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက် က ဝယ်လိုအားကောင်းနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်" ဟု ၎င်းကပြောသည်။

ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက် ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

**Soure :** https://www.myawady.net.mm/

## အမေရိကန်နှင့် အပြန်အလှန်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို ယခုနှစ်ဆုံးပိုင်းတွင် အပြီးသတ်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့

ထိုင်းနိုင်ငံသည် အမေရိကန်နှင့် အပြန်အလှန်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို ယခုနှစ်ဆုံးပိုင်းတွင် အပြီးသတ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Suphajee Suthumpun က ပြောကြားခဲ့သည်။

လွှတ်တော်သို့ တင်ပြခဲ့သည့် အစိုးရ၏မူဝါဒကြေညာချက်တွင် ဝန်ကြီးဌာန၏ အဓိကမူဝါဒများ ပါဝင်ပါကြောင်း၊ အမေရိကန်နှင့် အခွန်နှင့်စပ်လျဉ်းသည့် အပြန်အလှန်ပူးတွဲကြေညာချက်ကို ဇူလိုင်လ ၃၁ ရက်နေ့တွင်အပြီးသတ်ခဲ့ပြီး ယခုနှစ်ဆုံးပိုင်းတွင် စာချုပ်ကို အပြီးသတ်နိုင်ရန် စီစဉ်ထားကြောင်း၊ စာချုပ်တွင် ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဈေးကွက်ဝင်ရောက်နိုင်ရေး ပါဝင်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများတွင် ပြည်တွင်းစက်ရုံများနှင့် ဈေးကွက်ကို အပျက်သဘော ထိခိုက်မှုများကို ရှောင်ရှားနိုင်ရေး ဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အမေရိကန်သို့ တင်ပို့မည့် ကုန်စည်များအတွက် ပင်ရင်းနိုင်ငံစည်းမျဉ်းသက်သေခံလက်မှတ်ထုတ်ပေးခြင်းကို နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး ကုန်စည်ပင်ရင်းများအတည်ပြုခြင်းကို AI အသုံးပြုခြင်းနှင့် ပိုမိုတင်းကျပ်သောအစီအမံများ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ပို့ကုန်ကို အထောက်အကူပြုရန် ဥရောပသမဂ္ဂနှင့် ကိုရီးယားတို့နှင့် ဆွေးနွေးလျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်များကို အပြီးသတ်လိုကြောင်း၊ အရှေ့အလယ်ပိုင်း၊ ဆော်ဒီအာရေဗျ၊ အာဖရိက၊ အရှေ့တောင်အာရှနှင့် တောင်အာရှတို့သို့ ဈေးကွက်သစ်များရှာဖွေနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ Anti-dumping၊ anti-circumvention နှင့် safeguard အစီအမံများနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်များလွယ်ကူချောမွေ့စေရေးအတွက် တိုင်ကြားချက်တင်ပြသည့်ကာလကို ၄ လမှ ၁ လသို့ လျှော့ချပေးခြင်း၊ အချက်အလက်များစိစစ်မှုကို AI အသုံးပြုခြင်းနှင့် စစ်ဆေးသည့်ကာလကို ၁၂ လမှ ၉ လသို့ လျှော့ချပေးခြင်းတို့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အရည်အသွေးမမီသော သွင်းကုန်များနှင့် အမည်သုံးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အဖွဲ့အစည်း ၁၆ ခုပါဝင်သော ပူးတွဲကော်မတီကို ဖွဲ့စည်းခဲ့ပြီး သွင်းကုန်အသေးစားများမှ တန်ဖိုးမြင့်ခွန် ဘတ် ၂ ဒသမ ၁၈ ဘီလီယံကောက်ခံရရှိခဲ့ပါကြောင်း၊ e-commerce ကို AI အသုံးပြု၍ စောင့်ကြည့်လျက်ရှိပြီး အမည်ခံလုပ်ငန်းများကိုလည်း တင်းကျပ်စွာနှိမ်နင်းလျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနှင့်ဆက်စပ်နေသော ပြည်နယ် ၇ ခုမှ စီးပွားရေးလုပ်ငန်းများအတွက် တန်ဖိုးနည်း Blue-Flag ပြပွဲများ၊ အခြားသော ပြည်နယ်များရှိ ပြပွဲများမှတစ်ဆင့် ဈေးကွက်ဝင်ရောက်စေခြင်းနှင့် ထိုင်းစာတိုက်လုပ်ငန်းမှတစ်ဆင့် အွန်လိုင်းရောင်းချမှုများဆောင်ရွက်စေခြင်းဖြင့် အကူအညီပေးလျက်ရှိကြောင်း၊ Blue-Flag ပြပွဲ ၁,၃၀၀ ကျော် ကျင်းပရန်လျာထားပြီး လူနာများ ဆေးဝါးများကို ဆေးရုံပြင်ပတွင် ဝယ်ယူခွင့်ပေးပြီး မရှိမဖြစ်လိုအပ်သော ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို ဈေးနှုန်းများကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း Ms. Suphajee က ပြောကြားခဲ့သည်။

ရေတိုတွင် တောင်သူလယ်သမားများကို အထောက်အပံ့ပေးရန်အတွက် နောက်ကျရောင်းချရန် ချေးငွေပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သမဝါယမ အတွက် ချေးငွေပေးခြင်း၊ ဆန်သိုလှောင်ရန် ဆန်ကုန်သည်များအတွက် ငွေဖြစ်လွယ်နှုန်းတိုးမြှင့်စေခြင်းနှင့် တောင်သူတစ်ဦးလျှင် ၁၀ ရိုင်အများဆုံးဖြင့် ၁ ရိုင်လျှင် ဘတ် ၁,၀၀၀ ငွေကြေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပို့ကုန်နှင့်စပ်လျဉ်း၍ တရုတ်နှင့် အစိုးရမှအစိုးရသို့ (G-to-G) ဆန်ရောင်းချရေးကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး စင်ကာပူနှင့်

ကုန်သွယ်နိုင်ရေး ဆွဲဆောင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျကဲ့သို့သော ဈေးကွက်သစ်သို့ ဆန်တင်ပို့နိုင်ရေး တိုးချဲ့သွားမည်ဖြစ်ပြီး ဥရောပသို့ အော်ဂဲနစ်ဆန်နှင့် အမေရိကန်သို့ စပယ်ဆန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/

## ချုံချင့်ပြည်နယ်တွင် စင်ကာပူရင်းနှီးမြှုပ်နှံမှုမှာ ၁၀ စုနှစ်အတွင်း နှစ်ဆကျော်ရှိ

ချုံချင့်ပြည်နယ်၌ စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇ ဘီလီယံရှိခဲ့သည်။

"China-Singapore(Chongqing)Demonstration Initiative on Strategic Connectivity(CCI) ထူထောင် သည့်အချိန်မှစ၍ ချုံချင့်ပြည်နယ်နှင့်ပူးပေါင်းဆောင်ရွက်မှုမှာ ပိုမိုအားကောင်းလာခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်မှစ၍ ချုံချင့်ပြည်နယ်မှ စင်ကာပူနိုင်ငံသို့ ရထား-ပင်လယ်ရေကြောင်းပို့ဆောင်ရေးလမ်းကြောင်းမှတစ်ဆင့် ကုန်စည်များသယ်ယူပို့ဆောင်မှုမှာ ၁၀ ဆ နီးပါးတိုးတက်လာကြောင်း"ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ဝါရင့်ဝန်ကြီး Tan Kiat How က ပြောကြားခဲ့သည်။

CCI သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလက စတင်ခဲ့သည့် စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံအကြား တတိယမြောက် အစိုးရအချင်းချင်း ဆောင်ရွက်သော စီမံကိန်းဖြစ်သည်။

ချုံချင့်ပြည်နယ်သည် တရုတ်နိုင်ငံ၏ စတုတ္ထမြောက်အကြီးဆုံးစီးပွားရေး အချက်အခြာနေရာဖြစ်ပြီး တရုတ်လူမျိုးများနှင့် နိုင်ငံခြားသားခရီးသွားများလာရောက်လည်ပတ်ကြသည့် ဒေသဖြစ်သည်။

ချုံချင့်ပြည်နယ်မှ ခရီးသွားများလည်း စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်ကြပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ခရီးသွား ၄၆,၀၀၀ နီးပါးလာရောက်ခဲ့သည်။

ဝန်ကြီး Tan က "ချုံချင့်ပြည်နယ်မှာ စားသုံးသူဈေးကွက်၊ ခရီးသွားများလည်ပတ်သည့်ဒေသနှင့် စီးပွားရေးအရ အချက်အခြာကျသည့်ပြည်နယ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့်စီးပွားရေး ချိတ်ဆက်မှုများ ပိုမိုတိုးတက်ရန် အခွင့်အလမ်းများရှိကြောင်း၊ CCI သည် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ လေကြောင်းလိုင်း၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတို့အပြင် အစိမ်းရောင်စီးပွားရေးနှင့်ဒီဂျစ်တယ်စီးပွားရေးကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း"ပြောကြားခဲ့ပြီး တရုတ်နိုင်ငံအနောက်ပိုင်းဒေသသို့ စီးပွားရေးလုပ်ငန်းတိုးချဲ့လိုသည့် လုပ်ငန်းရှင်များကို ချုံချင့်ပြည်နယ်သို့ သွားရောက်ကြရန် တိုက်တွန်းခဲ့သည်။

စင်ကာပူနိုင်ငံနှင့်တရုတ်နိုင်ငံအကြား အစိုးရချင်းပူးပေါင်းဆောင်ရွက်သည့် ပထမစီမံကိန်းမှာ ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့သည့် China-the Suzhou စက်မှုဥယျာဉ်မြို့တော်ဖြစ်ပြီး ဒုတိယစီမံကိန်းမှာ Tianjin Eco-City ဖြစ်သည်။

**Source : The Business Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

https://myantrade.gov.mm/

## မြန်မာနိုင်ငံမှ မက္ကာဒေးမီးယားအစေ့များ တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်ခွင့်ရရှိခဲ့



တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် မြန်မာနိုင်ငံမှ မက္ကာဒေးမီးယားအစေ့များအတွက် ပိုးမွှား ကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်များကို ၎င်းတို့၏ဝက်ဘ်ဆိုက်၌ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မက္ကာဒေးမီးယားကို ရှမ်းပြည်နယ်တွင် အဓိက စိုက်ပျိုးကြပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကာ စုစုပေါင်းစိုက်ပျိုးဧရိယာ ဧက ၁၂,၀၀၀ ကျော်ရှိကြောင်း၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်တွင် မက္ကာဒေးမီးယားအစေ့ကို နွေဦးနှင့် ဆောင်းဦးရာသီတွင် တစ်နှစ်လျှင် နှစ်ကြိမ်ထွက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးထွက်ရှိသည့် မက္ကာဒေးမီးယားအစေ့များကို ပြည်တွင်း၌ပင် အခွံနွှာခြင်း၊ အခြောက်ခံခြင်းနှင့် အမျိုးအစားခွဲခြင်းများဆောင်ရွက်ပြီး မက္ကာဒေးမီးယားအစေ့များကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုခြင်းဖြစ်ကြောင်း GACC ၏ ကြေညာ ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံမှ သတ်မှတ်ထားသော စိုးရိမ်ရသည့်သီးသန့်ပိုးမွှား(၄)မျိုးတွင် Trogoderma granarium၊ Mikania micrantha၊ Cenchrus echinatus နှင့် Chromolaena odorata တို့ပါဝင်ကြောင်း၊ အခွံမာသီးများကို အခြောက်ခံစက်များအား အသုံးပြု၍ ရေဓာတ်ခန်းခြောက်စေရန် ပြုလုပ်ရမည်ဖြစ်ပြီး သက်ရှိအင်းဆက်ပိုးမွှားများနှင့် အခြားအညစ်အကြေးများကင်းစင် ရမည်ဖြစ်ကြောင်း၊ ပြုပြင်ထုတ်လုပ် နေစဉ်အတွင်း ပျက်စီးနေသော (သို့မဟုတ်) မှိုတက်နေသောအစေ့များ၊ အခွံများနှင့် ပေါင်းပင်မျိုးစေ့များ မပါရှိစေရန်ဆောင်ရွက်ရမည်ကြောင်း သိရသည်။

မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တရုတ်နိုင်ငံသို့တင်ပို့မည့်မက္ကာဒေးမီးယား အစေ့များကို စိုက်ပျိုးခြင်း၊ ပြုပြင်ထုတ်ပိုးခြင်းနှင့် သိုလှောင်ခြင်းပြုလုပ်မည့်လုပ်ငန်းများကို တရုတ်နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ စစ်ဆေးမည်ဖြစ်ပြီး သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီသည့်လုပ်ငန်းများကို GACC သို့ ပေးပို့ရမည်ဖြစ်ကာ အရည်အချင်းပြည့်မီသော လုပ်ငန်းများကို မှတ်ပုံတင်စာရင်းသွင်းသွားမည်ဖြစ်ကြောင်း သိရသည်.

တရုတ်နိုင်ငံသို့ တင်ပို့မည့် မက္ကာဒေးမီးယားအစေ့များကို သယ်ယူပို့ဆောင်စဉ်အတွင်း ဖိတ်စင်မှုမရှိစေရန်အတွက် အစားအသောက်ဘေးကင်းရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ သီးသန့်စံနှုန်းများနှင့်ကိုက်ညီသည့် သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သောပစ္စည်းများဖြင့် ထုပ်ပိုးရမည်ဖြစ်ကြောင်း၊ တင်ပို့ခြင်းမပြုမီ သန့်ရှင်းရေးနှင့် သီးသန့်ခွဲထားမှုဆိုင်ရာ လိုအပ်ချက်များနှင့်အညီဖြစ်စေရန်နှင့် အပင်ပိုးမွှားများ (သို့မဟုတ်) ပေါင်းပင်မျိုးစေ့များ၊ သက်ရှိပိုးမွှားများ၊ အပျက်အစီးများ၊ မြေဆီလွှာ (သို့မဟုတ်) အခြားမသန့်ရှင်းသည့် ပစ္စည်းများကဲ့သို့သော ပစ္စည်းများမပါဝင်စေရန် ပို့ဆောင်မည့်ယာဉ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် သေချာစွာစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**Source: https://www.producereport.com/article/macadamia-nuts-myanmar-granted-china-market-access**

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (15.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Oct. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,298 (Shares) | 16,478,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 306 | 2,539,800 | 33,109,694 | 274,811 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 431 | 1,465,900 | 38,929,150 | 134,306 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 1,198 | 9,464,200 | 10,400,986 | 82,168 |
| FPB | 00004 | 2,350 | -250 | -9.62% | 2,600 | 2,600 | 2,350 | 45 | 106,000 | 29,664,613 | 69,712 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 250 | 687,500 | 12,823,224 | 35,264 |
| EFR | 00006 | 1,850 | -50 | -2.63% | 1,900 | 1,900 | 1,850 | 914 | 1,691,100 | 19,977,223 | 36,958 |
| AMATA | 00007 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,400 | 5 | 17,000 | 10,497,598 | 35,692 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 149 | 506,600 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.55 | -1.40 | -0.35% | 400.70 | 402.29 | 397.55 | 3,298 | 16,478,100 | 8 | 749,848 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 15th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 3,298 (Shares) | 16,478,100 (MMK) |

## Main Board

As of 1:00 p.m. 15th Oct. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,298 (Shares) | 16,478,100 (MMK) |

| MYANPIX | 397.55 ▼ 1.40 |
|---|---|
| Total Volume (shares) | 3,298 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 749,848 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 2,350 | ▼ 250 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,850 | ▼ 50 |
| AMATA | 00007 | 3,400 | ▼ 50 |
| MAEX | 00008 | 3,400 | ▲ 0 |